စဉ့်တုံကျေးရွာ
စဉ့်တုံကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စဉ့်တုံကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

စဉ့်တုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ


(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၁) - စဉ့်တုံကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ့်တုံကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

စဉ့်တုံကျေးရွာအုပ်စု၊စဉ့်တုံကျေးရွာသယံဇာတပြမြေပုံ



စဉ့်တုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

၁။ ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထား

စဉ့်တုံကျေးရွာသည် ရွှေဘိုမြို့နယ်၏ အနောက်မြောက်ဘက် (၈)မိုင်ခန့် အကွာတွင်တည်ရှိ၍ ကျေးရွာအကျယ်အဝန်းမှာ(၃၈.၁၅)ဧက ကျယ်ဝန်းပါသည်။ကျေးရွာ၏ ပတ်ဝန်းကျင်တွင် လယ်မြေ များရှိ၍ နွေစပါးနှင့် မိုးစပါးသီးနှံများစိုက် ပျိုးကြပါသည်။ကျေးရွာ၏တောင်ဘက်တွင်ကြက်တက်-ညောင်ပင်သာလမ်းမကြီးရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အပူပိုင်းဒေသဖြစ်၍ ထနောင်း၊ တမာပင်နှင့် ဇီးပင်များ သဘာဝအလျောက် ပေါက်ရောက် လျက်ရှိကြသည်။ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးနိုင်သောလယ်ဧက (၇၆၉.၅၆)ဧကနှင့် ယာမြေ(၁၁.၅) ဧကရှိပါသည်။စပါးသီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြပါသည်။ ထိုလယ်များအတွက်သဖန်းဆိပ် ဆည်မှစိုက်ပျိုးရေရာသီအလိုက်လုံလောက်စွာရရှိပါသည်။

လူနှင့်တိရစ္ဆာန်များအတွက်ဆင်တုံးမန္တယ်၊ဆေးခါး၊ဂျာမဏီ သဘာဝဆေးဖက်ဝင်အပင်များ အသင့်အတင့်ပေါက်ရောက်၍လွယ်ကူစွာရရှိနိုင်ပါသည်။ကျေးရွာအနောက်ဘက်ရှိရေဆိုးချောင်းမှသဲ နှင့်ကျောက်စရစ်များ ကိုလည်းအနည်းငယ်ရရှိနိုင်ပါသည်။သဘာဝတိရစ္ဆာန်များဖြစ်သည့်ခါငှက်၊ ယုန်၊သိန်းငှက်တို့ကိုအနည်းငယ်တွေ့မြင်နိုင်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာရှိအဖွဲ့အစည်းများအနေဖြင့်ရပ်မိရပ်ဖအဖွဲ့၊လမ်းကော်မတီ၊လျှပ်စစ်မီးကော်မတီ၊ပုည သဟာယလူမှုကူညီရေးအသင်း၊အရန်မီးသတ်တပ်ဖွဲ့နှင့်အမျိုးသမီးပရဟိတအဖွဲ့တို့ရှိကြပြီးရပ်မိရပ် ဖအဖွဲ့အစည်းမှာကျေးရွာ၏အုပ်ချုပ်ရေးအဝိုင်းများကိုပူးပေါင်းဆောင်ရွက်ကြ၍ဘာသာရေး၊သာရေး နာရေး၊ကျန်းမာရေး၊ကျေးရွာဖွံ့ဖြိုးရေး၊သဘာဝဘေးအန္တရယ်ကာကွယ်ရေးများကိုဖွဲ့စည်းထားသော အဖွဲ့အစည်းများအားလုံးပူးပေါင်းတိုင်ပင်၍အားကျိုးမာန်တက်ဆောင်ရွက်ကြပါသည်။ကျေးရွာရှိအ ဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုကြောင့်စဉ့်တုံကျေးရွာသည်ပြင်ပမှထောက်ပံ့ပေးသောအဖွဲ့ အစည်းများမရှိသော်လည်းတစ်စထက်တစ်စဖွံ့ဖြိုးလာပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

စဉ့်တံုကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၈၉)စုရှိပြီး ကျား(၃၅၅)ဦး ၊မ(၄၁၃)ဦး၊ စုစုပေါင်း (၇၆၈)ဦးရှိ၍ အလုပ်လုပ်နိုင်သောဦးရေမှာ (၅၄၃)ဦးရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အိမ်ထောင်စု(၁၈၉)စု ရှိသည့်အနက် လယ်ယာပိုင်ဆိုင် သောလယ်သမား(၁၃၉)ဦးရှိပြီး မိသားစုဝင်လုပ်အားမှာ(၂၇၄)ဦး ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စု(၅၀)စုမှာ နေ့စားလုပ်သားအလုပ်၊ ကောက်စိုက်၊ ပျိုးနုတ်အလုပ်များကို လုပ်ကိုင်ကြပါသည်။

မိုးစပါးနှင့် နွေစပါးသီးထပ်စိုက်ပျိုးနိုင်သော လယ်ကေမှာ(၇၆၉.၅၆)ကေ ရှိပြီး ရွှေဝါထွန်း၊ ဘီကျီကိုတပေါင်းလနှင့် တန်ခူးလတို့တွင်စိုက်ပျိုးကြပြီး ဝါဆိုလနှင့်ဝါခေါင်လတို့တွင်ရိတ်သိမ်းကြပြီး မိုးစပါးသီးနှံဘေးကြားကို ဝါခေါင်လနှင့် တော်သလင်းလတို့တွင် စိုက်ပျိုးကြ၍ နတ်တော်လနှင့် ပြာသိုလတို့တွင်ရိတ်သိမ်းကြပါသည်။

နွေစပါးမှာ တစ်ဧကလျှင်ပျမ်းမျှ(၈၀)တင်းနှုန်းနှင့် မိုးစပါးမှာ တစ်ဧကလျှင်(၇၀)တင်းခန့် ထွက်ရှိပြီး ဝင်ငွေအတင့်အသင့်ရရှိကြပါသည်။ ရာသီအလိုက်စိုက်ပျိုးရေးအတွက် ရေရရှိမှုမှာလည်း လုံလောက်မှုရှိပါသည်။ စပါးသီးနှံတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးပြီး အခြားသီးနှံများကို စိုက်ပျိုးခြင်းမရှိပါ။ တောင်သူအများစုမှာ လက်တွန်းထွန်စက်များနှင့်ထွန်စက်ကြီးများကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြပြီး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းကြပါသည်။ အနည်းစုသော တောင်သူများသာလျှင် လက်တွန်းထွန်စက်များပိုင်ဆိုင်ကြ၍ ထွန်စက်ကြီးနှင့်ရိတ်သိမ်းခြွေလှေ့စက် များကိုငှားရမ်း၍ အသုံးပြုကြပါသည်။ စိုက်ပျိုးမြေ အခြေအနေအသင့်အတင့် ရှိပါသည်။ တောင်သူများ အနေဖြင့်စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ်နှင့် ထွက်ကုန်စပါးသီးနှံများကို ဈေးကောင်း သည်အထိ သိုလှောင်ထားနိုင်ရန်အတွက် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ လိုအပ်ပါသည်။

အသက်မွေးဝမ်းကျောင်း ပညာအနေဖြင့် ယက္ကန်း၊ စက်ချုပ် စသောအတက်ပညာများကို အသင့်အတင့် တက်မြောက်သူအနည်းငယ်ရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေး ကိုသာ အဓိကထားလုပ်ကိုင်ကြပြီး အခြားအသက်မွေးလုပ်ငန်းများကို လုပ်ကိုင်ခြင်းမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် စေတီပုထိုးပေါင်း(၁၀)ဆူနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အခြေခံမူလတန်း ကျောင်းတစ်ကျောင်းနှင့် ရေကန်ပေါင်း(၆)ကန်ရှိပါသည်။ ရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်၍ နွေရာသီနှင့် ဆောင်းရာသီတွင် ဆက်သွယ်သွားလာရန် အဆင်ပြေ သော်လည်း မိုးရာသီတွင်ခက်ခဲပါသည်။ ထိုအခက်အခဲများကြောင့် ကျေးရွာ၏ ပညာရေး၊

ကျန်းမာရေး၊ လူမှုရေးနှင့် ထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေးတို့အတွက် များစွာထိခိုက်စေပါသည်။ ထို့ကြောင့်ရွာတွင်းလမ်းနှင့် ရွာဝင်လမ်းများ ရာသီမရွေး သွားလာလွယ်ကူစေရန် အထူးကောင်းမွန်ရန်လိုအပ်ပေသည်။ သို့သော်လမ်းများပြုပြင်နိုင်ရန်အတွက်ငွေကြေး အခက်အခဲများနှင့် နည်းပညာအကူအညီများလိုအပ်နေပါသေးသည်။

ကျေးရွာတွင်ကိုယ်ပိုင်အဝီစိတွင်းများမှ ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေများကို ဖူလုံစွာရရှိပါသည်။ သုံးရေအဖြစ် ကိုယ်ပိုင်မြေသားရေကန်နှင့် လယ်ရေပေးသွင်းမြောင်းမှလည်း ရနိုင်ပြီး သောက်သုံးရေအဖြစ်အသုံးမပြုကြပါ။ကျေးရွာတွင်ကိုယ်ပိုင်အားဖြင့်ရေတွင်း(၁၈)တွင်း၊အဝီစိစက်တပ်(၄)တွင်း၊ တုံကင်(၂၂)တွင်းရှိပါသည်။ ရေအရည်အသွေး စနစ်တကျ စစ်ဆေးထားခြင်း မရှိပါ။ ကျေးရွာတွင်မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို(၁၂၄)အိမ်ထောင်စု သုံးစွဲကြပြီးကျန်အိမ်ထောင်စုများသည်ဆိုလာနှင့် ဘက်ထရီမီးများကို သုံးစွဲပါသည်။သတင်းနှင့် ဆက်သွယ်ရေးအတွက် မိုဘိုင်းတယ်လီဖုန်းများနှင့်တီဗီ၊ဂြိုလ်တုစလောင်းများအားအသုံးပြုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

စိုက်ပျိုးရေးအတွက် မြန်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိ၍ ချေးငွေပမာဏမှာ တစ်ဧကလျှင်(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအထိ ထုတ်ချေး၍ အတိုးနှုန်းပြား(၈၀)ဖြင့် ကာလတိုချေးငွေဖြစ်ပါသည်။ သမဝါယမမှ တစ်အိမ်ထောင်လျှင် ကျပ်(၁၀၀၀၀၀/-)နှုန်းအတိုးရငွေကျပ်၅၀ပြားဖြင့် (၆)လကြာထုတ်ချေးပေးသော်လည်း မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရင်းနှီးလုပ်ကိုင်နိုင်ရန် အတွက်ကာလရှည် အတိုးနည်းချေးငွေများလိုအပ်နေပါသေးသည်။

(င) ပညာရေး

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းရှိပြီး (၀.၆)ဧကော ကျယ်ဝန်း၍ ကျောင်းဆောင်အရေအတွက်မှာ (၂)ဆောင်ရှိပါသည်။ (၆၀"x၃၀") နံကပ်သွပ်မိုး တစ်ထပ်ကျောင်းဆောင်မှာကောင်းမွန်ပြီး(၁၀"x၃၀")ကပ်ကာ သွပ်မိုးကျောင်းဆောင်မှာကြမ်းခင်း မရှိသည့် အပြင်ပျက်စီးနေသဖြင့် ကောင်းမွန်မှုမရှိပါ။ သို့ဖြစ်၍ ကျောင်းသား/သူများ မိုးရာသီ၌ စာသင်ကြားရာတွင် လုံခြုံမှုမရှိပါသဖြင့် ကျောင်ဆောင်သစ် လိုအပ်မှုရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများသည် ခွန်တောင်းကြီးကျေးရွာအထက်တန်းကျောင်းခွဲသို့ သွားရောက်သင်ကြားရပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ (၂၁)ဦးရှိပြီး ဘွဲ့ရဦးရေ အနည်းငယ်သာ

ရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာအနေဖြင့်ယက္ကန်းနှင့်စက်ချုပ်ပညာကိုသာ အသင့်အတင့် တက်မြောက်သူအနည်းငယ်ရှိပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ (၃)မိုင်ခန့်ဝေးသော ကြက်တက် ဆေးပေးခန်း မှ တစ်ပတ် တစ်ကြိမ်ကာကွယ်ဆေးများလာရောက်ထိုးနှံပေးပါသည်။ ကျန်းမာရေး ကုသမှုများကို (၈)မိုင်ကွာဝေးသော မြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသကြရသဖြင့် အရေးပေါ် ကျန်းမာရေး အခြေအနေများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်အရွယ်ကြီးသည့်သူများအတွက် အခက်အခဲရှိပါသည်။ နှစ်စဉ်ဖြစ်ပွားတက်သော ရောဂါများမှာ ရာသီတုပ်ကွေးနှင့် ဖျားနာရောဂါများ ဖြစ်သည်။ ကျန်းမာရေးအသိပညာများ အနည်းငယ်သာရှိ၍ ကျေးရွာ ပတ်ဝန်းကျန်နှင့် ရွာတွင်းသန့်ရှင်းရေးအတွက် အမှိုက်များစွန့်ပစ်ထိန်းသိမ်းမှုမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ ကိုယ်ပိုင်သုံးစွဲသော အိမ်ထောင်စုမှာ (၁၄၉)စု ရှိ၍ ကျန်အိမ်ထောင်စု(၄၀)စုမှာ ကိုယ်ပိုင်အိမ်သာမရှိသော်လည်း နီးစပ်ရာဆွေမျိုးများထံ တွဲဖက်၍သုံးစွဲခြင်းကြောင့် ကူးစက်ရောဂါများဆိုးရွားစွာ ဖြစ်ပွားမှုမရှိပါ။ မပြေလည်သော အိမ်ထောင်စုများသည် စားသုံးရန်၊ ကျန်မားရေးနှင့်ပညာရေးတို့အတွက် လုပ်အားခကြိုယူခြင်း၊ ဆွေမျိုးမိတ်ဆွေများထံမှ ငွေချေးယူခြင်းများရှိပါသည်။ အာဟာရအနေဖြင့်ဆိုးရွားသည့်အခြေအနေကြုံတွေ့ရမှုမရှိပါ။

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြေဆီလွှာများမှာ ဆိုးရွားစွာပျက်စီးမှုမရှိဘဲ အသင့်အတင့်ကောင်းမွန်ပါသည်။ (၂၀၁၃)ခုနှစ် စပါးရိတ်သိမ်းချိန်တွင် မိုးသီးများကျရောက်၍ သီးနှံများပျက်စီးခြင်းကြုံခဲ့ရပါသည်။

(ဇ) ကျား-မ ရေးရာ

ကျေးရွာ၏ အုပ်ချုပ်ရေးပိုင်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်း မရှိသော်လည်း အမျိုးသမီး ပရဟိတအဖွဲ့ ဖွဲ့၍ဖွံ့ဖြိုးရေး၊ လူမှုရေး၊ ဘာသာရေးနှင့် သာရေးနာရေး ကိစ္စရပ်များကို အမျိုးသားများနှင့် တန်းတူဆောင်ရွက်နိုင်ကြပါသည်။ အမျိုးသမီးများသည် လယ်ယာလုပ်ငန်းခွင်တွင်ကောက်စိုက်၊ ပေါင်းနုတ်အလုပ်များကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အမျိုးသမီးအနည်းစုသည်ယက္ကန်းနှင့် စက်ချုပ်ပညာကို အသင့်အတင့်တက်မြောက်ကြပါသည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိ လူငယ်လေးများမှာ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း ထိန်းသိမ်းမှု ရှိကြပါသည်။ လူငယ်များသည် ပုညသဟာ လူမှုကူညီရေးအသင်း ဖွဲ့စည်း၍ သာရေးနာရေး၊ လူမှုရေးကိစ္စရပ်များတွင် စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အသိပညာ ဗဟုသုတတိုးပွားရေးအတွက် စာပေဗဟုသုတများ လေ့လာရန် စာကြည့်တိုက်မရှိသေးသဖြင့် အားလပ်ချိန်များတွင် လူငယ်အများစုမှာမိုဘိုင်းဖုန်းများကိုအသုံးပြုကြသဖြင့် အချိန်ကုန်ဆုံးကြ ရပါသည်။မိုဘိုင်းဖုန်းများကိုအကျိုးရှိစွာအသုံးချနိုင်ရန်လိုအပ်မှုရှိနေပါသေးသည်။

ရွှေဘိုမြို့နယ်၊ စဉ့်တုံကျေးရွာအုပ်စု၊ စဉ့်တုံကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကြက်တက်- ညောင်ပင်သာရွာဝင်လမ်းမှစာသင်ကျောင်းအထိ ဂျင်းခင်းခြင်း	၁
၂	ပညာရေး	မူလတန်းကျောင်း စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း	၂
၃	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၃
၄	လူငယ်နှင့်အားကစား	စာကြည့်တိုက်တည်ဆောက်ခြင်း	၄

နောက်ဆက်တွဲ(၁)

ရွှေဘိုမြို့နယ်၊ စဉ့်တုံကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	မိုးရာသီတွင်ကျောင်းသား/သူများနှင့်ဆရာဆရာမများသွားလာရန်ခက်ခဲခြင်း၊တောင်သူများအတွက်စပါးသယ်ယူရာတွင်အခက်အခဲရှိခြင်း၊အရေးပေါ်ကျန်းမားရေးကုသရန် လမ်းမကောင်း၍အခက်အခဲဖြစ်ခြင်း၊ကြန့်ကြာခြင်း၊ယာဉ်အန္တရယ်များရှိခြင်း။	ရွာဝင်လမ်းမကြီးမကောင်းခြင်း၊မြေသားလမ်းဖြစ်၍မြေသားမညီညာခြင်း။	သဲမြေရှိခြင်း၊ငွေကြေးအနည်းငယ်ထည့်ဝင်နိုင်ခြင်း။	ငွေကြေးအလုံလောက်ခြင်း၊နည်းပညာအားနည်းခြင်း။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	ကြက်တက်-ညောင်ပင်သာရွာဝင်လမ်းမှစာသင်ကျောင်းအထိကျင်းခင်းခြင်း
၂။	ကျောင်းဆောင်မလုံခြုံ၍မိုးရာသီတွင်ကျောင်းသား/သူများပညာသင်ကြားရေးတွင်အခက်အခဲဖြစ်ခြင်း။	ကပ်ကာ၊သွပ်မိုးကျောင်းဆောင်မှာပျက်စီးနေ၍ကျောင်းဆောင်လုံလောက်မှုမရှိခြင်း။	ကျောင်းဆောင်ဆောက်လုပ်ရန်မြေနေရာရှိခြင်း။	ငွေကြေးချို့တဲ့ခြင်း။	ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်သည်များတင်ပြတောင်းဆိုခြင်း။	မူလတန်းကျောင်းစာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း။

ရွှေဘိုမြို့နယ်၊ စဉ့်တုံကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃။	ရာသီအလိုက်ဖြစ်သော ရောဂါများဖြစ်ပွားသည့် အခါကျန်းမာရေးစောင့် ရှောက်မှုအားနည်းခြင်း၊ ကိုယ်ဝန်ဆောင်အမျိုး သမီးများအရေးပေါ် ကုသရန်ကျန်းမာရေး အသိပညာအားနည်း ခြင်း။	ကျေးလက်ဆေးပေးခန်း မရှိခြင်း။	ကျန်းမာရေးဦးစီး ဌာနမှကာကွယ် ဆေးတိုက်ကျွေး သောအစီအစဉ်များ နှစ်စဉ်ရှိခြင်း၊မြေနေ ရာရှိခြင်း၊မြေနေရာ ရှိပြီးလုပ်အားပါဝင် နိုင်ခြင်း။	ငွေကြေးအပြည့် စုံခြင်း၊ကျန်းမာရေး ဆရာ/မများကျေး ရွာကိုအမြဲမလာနိုင် ခြင်း။	ကျန်းမာရေးဌာနှင့်ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်း ဆိုခြင်း၊ကျန်းမာရေးဆိုင်ရာ အဆောက်အဦ၊ပစ္စည်းကိရိ ယာများပြည့်စုံစွာဖြည့်ဆည်း ပေးခြင်း။	ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း။
၄။	စာအုပ်စာပေများမရှိ၍ စာဖတ်အားနည်းလာ ခြင်း၊အသိပညာဗဟုသု တအားနည်းခြင်း။	စာဖတ်ရန်ဗဟုသုတစာ အုပ်စာပေများမရှိခြင်းနှင့် အဆောက်အဦနေရာ အတည်တကျမရှိခြင်း။	စာပေလေ့လာလို သည့်လူငယ်များ ရှိခြင်း။	ငွေကြေးလိုအပ်ခြင်း။	ရွာရှိလူငယ်များ၏အင်အား ဖြင့်တက်နိုင်သလောက် စာအုပ် များဝယ်၍မတည်ခြင်း၊ကျေးရွာ ရှိအကြီးအကဲများဦးဆောင် ဦးရွက်ပြုပြီးလူငယ်များပူးပေါင်း ဆောင်ရွက်၍စာပေဗဟုသုတတိုး ပွားရေးအတွက်စာကြည့်တိုက် တည်ဆောက်ခြင်း။	စာကြည့်တိုက်တည်ဆောက် ခြင်း။

ရွှေဘိုမြို့နယ်၊စဉ့်တံုကျေးရွာအုပ်စု၊စဉ့်တံုကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကြက်တက်-ညောင်ပင်သာရွာဝင်လမ်းမှစာသင်ကျောင်းအထိ ကျင်းခင်းခြင်း	၁	4				
၂	မူလတန်းကျောင်း စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း	၂		4			
၃	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၃			4		
၄	စာကြည့်တိုက်တည်ဆောက်ခြင်း	၄				4	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(စဉ့်တုံ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၉	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၆	၁၆	၄၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၄	၂၆	၆၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၇	၃၈	၆၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၈	၂၉၅	၅၄၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၂၉	၄၅
စုစုပေါင်း		**၃၅၅**	**၄၁၃**	**၇၆၈**
စုစုပေါင်း အိမ်ထောင်စု		**၁၈၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လက်ရှိအိမ်ထောင်စုဇယားကောက်ယူမှုတွင်လူဦးရေ ကျား၊မမွေးဖွားနှုန်းမှာ သင့်တင့်မျှတပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၉	၂၇၄	-	မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၀	၁၀၉	-	မြင့် ☐ လတ်☐ နိမ့် ☒
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၈	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၈၉	၃၈၃	၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရပ်တည်နိုင်မှုအလယ်အလတ်ရှိသည့်အိမ်ထောင်စုများမှာကိုယ်ပိုင်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုလုပ်ကိုင်ကြသူများဖြစ်ပြီးရပ်တည်နိုင်မှုနိမ့်သည့်အိမ်ထောင်စုများမှာခွန်အားကိုအသုံးပြု၍လယ်လုပ်သား အလုပ်ကိုသာ လုပ်ကိုင်ကြရသောကြောင့်လုပ်အားတန်ဖိုးကိုသာရကြ၍ဝင်ငွေရရှိမှုနည်းပါး ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးအတွက်အများဆုံးလုပ်အားခအနေဖြင့်အမျိုးသား၏နေ့စားလုပ်အားခမှာ(၆၀၀၀)ကျပ်ဖြစ်၍အမျိုးသမီး၏လုပ်အားခမှာ(၅၀၀၀)ကျပ်ရရှိပါသည်။အမျိုးသားနှင့်အမျိုးသမီးရရှိသော လုပ်အားခမတူညီခြင်းသည်လုပ်အားမတူညီသောကြောင့်ဖြစ်ပေါ်လာရသည်။အနည်းဆုံးရရှိကြသောလုပ်အားခမှာ (၃၀၀၀)ကျပ်နှင့်(၂၅၀၀)ကျပ်တို့ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၆၉.၅၆	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၁.၅၀	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၈၁.၀၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တစ်ရွာလုံးပိုင်ဆိုင်သည့်လယ်မြေကမှာ(၇၆၉.၅၆)ရှိ၍ယာမြေကမှာ(၁၁.၅၀)က ပိုင်ဆိုင်၍မြေလွတ်မြေလပ်များမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။နွားစာနှင့်ဆေးဖက်ဝင်အပင်များအသင့်အတင့်ရှိ၍လွယ်ကူစွာရရှိနိုင်ပြီးသတ္ထုနှင့် အခြားတွင်းထွက်သယံဇာတများထွက်ရှိခြင်းမရှိပါ။ ခါ၊ယုန်၊သိန်းငှက်တို့ကို အနည်းငယ်တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၈ဧက မှ ၃၆ဧက အထိ	၃ဧက မှ ၇ဧက အထိ	၁ ဧကမှ၂ဧကအထိ	မရှိ
အိမ်အခြေအနေ	နှစ်ထပ် နံကပ်	တစ်ထပ် သွပ်မိုး	ကပ်ကာ သွပ်မိုး	ထန်းရွက်မိုး/ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊လက်တွန်းထွန်စက်	ထော်လာဂျီ၊ လက်တွန်းထွန်စက်	မရှိ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စပါးစိုက်ပျိုးရေး	စပါးစိုက်ပျိုးရေး	စပါးစိုက်ပျိုးရေး	စပါးစိုက်ပျိုးရေး လုပ်သား
အိမ်ထောင်စု	၃၁	၇၁	၃၇	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဥစ္စာဓနအဆင့်အခြေအနေနှင့် စပ်လျဉ်း၍ အိမ်အခြေအနေ အသင့်အတင့်ရှိခြင်းနှင့် အလွန်မပြေလည်သော အိမ်ထောင်စုနည်းပါးသော်လည်း ရွာသူ၊သားအများစု မှီခိုအားထားရသော တောင်သူလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများမှာ ကောက်စိုက်၊ပျိုးနုတ်အလုပ်များကိုလုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____၁၆____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____၁၀____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။

။စပါးစိုက်ပျိုးခြင်းအလုပ်ကိုသာအဓိကထား၍အသက်မွေးဝမ်းကျောင်းပြုကြသောကျေးရွာဖြစ်၍ကောက်စိုက်၊ပျိုးနုတ်အလုပ်များကိုသာအားကိုးအားထားပြု၍စားဝတ်နေရေးပြေလည်အောင်လုပ်ဆောင်ကြပြီး ကျန်ရှိသောလများကိုဝမ်းစာဖူလုံမှုနှင့်ပြေလည်ရန်အတွက်လုပ်အားခကြိုယူခြင်း၊ပြေလည်သောဆွေမျိုးသားချင်းအိမ်ထောင်စုများထံချေးယူခြင်းများကိုတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုနှင့် ရပ်ရွာ၏ စောင့်ရှောက်မှုကင်းသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းပုဂ္ဂိုလ်လုံးဝမရှိသဖြင့် ကျေးရွာ ဘာသာရေး အသိ နှင့် စေတနာ သဒ္ဓါကောင်းမွန်ခြင်း ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ လုပ်ဆောင်မှုနှင့် ညီညွတ်မှု အားကောင်းကြောင်း တွေ့ရပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အပူပိုင်းဒေသဖြစ်၍အအေးလွန်ကဲခြင်းမရှိပါ။မိုးခေါင်သော်လည်းသီးနှံစိုက်ပျိုးရေးအတွက်ဆည်ရေဝင်များဖြစ်ကြ၍စိုက်ပျိုးရေးနှင့်သောက်သုံးရေအတွက်အဆင်ပြေကြပါသည်။တိရစ္ဆာန်ကူးစက်ရောဂါ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာ၏ သွားလာမှုလမ်းပန်းဆက်သွယ်ရေးများမှာ မြေသားလမ်းဖြစ်ခြင်းတို့ကြောင့်မိုးရာသီတွင်သွားလာရခက်ခဲပြီးမြို့နှင့်(၈)မိုင်ခန့်ဝေးပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများတွင် ဆင်းရဲသား၊ တောင်သူနှင့် လက်လုပ်လက်စား ကျပန်းများ မြင့်နေခြင်းမှာ အလုပ်ကိုင်နှင့် အခွင့်လမ်းနည်းခြင်းကို တွေ့ရှိရသည်။ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ထိခိုက်လွယ်မှု နိမ့်ခြင်း၊ ဒေသထွက် သီးနှံပေါများကြောင်းနှင့် ဆက်သွယ်ရေးလမ်းများ ကောင်းမွန်မှု နည်း၍ ကားမောင်းပြီး အသက်မွေးသူများ လတ် ဖြစ်နေကြောင်း တွေ့ရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လျှပ်စစ်ကော်မတီ	၁☐ ၂☑ ၃☐	၂၁		၂၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐		၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လမ်းကော်မတီ	၁☐ ၂☑ ၃☐	၅	၂	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ပုဂ္ဂလသာလူမှုကူညီရေးအသင်း	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မီးကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၇		၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	မီးသတ်	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☑

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု(၂၀၀)ဝန်းကျင်ခန့်သာရှိသောကြောင့်မိသားစုသဖွယ်ဖြစ်နေ၍ကျေးရွာ၌ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့အစည်းများအားလုံးသည်သာရေး၊နာရေး၊ဘာသာရေး၊ကျေးရွာဖွံ့ဖြိုးရေး၊သဘာဝဘေးအန္တရယ်များကိုပါစည်းလုံးညီညွတ်စွာပူးပေါင်းတိုင်ပင်၍ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ပြင်ပအဖွဲ့အစည်းများမှလာရောက်ဆောင်ရွက်ပေးခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၈၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ဇယားတွင် တောင်သူကြီးအရေအတွက်အလွန်နည်းခြင်း၊ တောင်သူလတ်/ငယ် အသင့်အတင့်ရှိပြီး မြေယာမဲ့ များစွာ တွေ့ရှိရသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုအားနည်းနေကြောင်း ထင်ရှားစွာ တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၇၆၉.၅၆	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐	ရှိ☒ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☒ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☒ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။

။လယ်မြေကောအားလုံးဆည်ရေသောက်များဖြစ်၍ရေရှိမှုရာသီအလိုက်လုံလောက်မှု ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၇၆၉.၅၆	တင်း	၆၀	၈၀	၇၀	ဝါခေါင်	နတ်တော်	မြင့်☒ လတ်☐ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
နွေစပါး	၇၆၉.၅၆	တင်း	၇၀	၉၀	၈၀	တန်ခူး	ဝါဆို	မြင့်☒ လတ်☐ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးသီးနှံကိုသာအဓိကထား၍စိုက်ပျိုးကြပြီးနွေစပါးမှာအထွက်နှုန်းကောင်း၍ အမြတ်ရရှိမှုမှာ အလယ်အလတ်သာရှိပြီး မိုးစပါးအထွက်နှုန်း အသင့်အတင့်သာရှိသော်လည်း ဈေးကောင်း သောကြောင့် အမြတ်ရရှိမှုမှာလည်းအသင့်အတင့်ရှိကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	-	-	၇၆
လက်တွန်းထွန်စက်	၄၈	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၁	-	-	၁၃၈
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၆	-	-	-
ရေစုပ်စက်	၁	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၆	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာမြေပိုင်ဆိုင်သောတောင်သူဦးရေ(၁၃၉)ဦးရှိသော်လည်းထွန်စက်ပိုင်ဆိုင် သူ(၁)ဦးနှင့် ရိတ်သိမ်းခြွေလှေ့စက်ပိုင်ဆိုင်သူ(၁)ဦးသာ ရှိပြီးလက်တွန်းထွန်စက်ပိုင်ဆိုင်သောတောင်သူမှာ (၄၈)ဦးရှိကြပြီးကျန်ရှိသော တောင်သူများမှာ ငှားရမ်းလုပ်ကိုင်ကြပြီး မြက်ရိတ်စက်ရှိသူများမှာ စက်နှင့် ရိတ်သိမ်းကြ၍မရှိသောတောင်သူများမှာကိုယ်တိုင်သော်လည်းကောင်း၊ လုပ်သားငှား၍ သော်လည်းကောင်း၊ တံစဉ်ဖြင့် ရိတ်ကြပါသည်။အချို့မှာပေါင်းသတ်ဆေးဖြန်းကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☒ သင့်တင့်မျှတ☐ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☒ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☒ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☒** **သီးနှံများကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဇယား(၁၇)လေ့လာခြင်းဖြင့် စိုက်ပျိုးရေးအတွက်ရင်းနှီးမြှုပ်နှံရန်အတိုးနှုန်းသက်သာပြီးကာလတိုချေးငွေကိုမြန်မာစိုက်ပျိုးရေးဘဏ်မှရရှိ၍မျိုးကောင်းမျိုးသန့်များ၊အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ၊နည်းပညာဝန်ဆောင်မှုများအလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☒**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☒** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐** **မဖြေဆိုပါ ☒**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐** **မဖြေဆိုပါ ☒**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။အဓိကအရင်းအမြစ်ဖြစ်သော ဆည်ရေမှ ရေဖူလုံလောက်ငှမှုမရှိခြင်း၊ မိုးရာသီတွင် ရရှိလာသောရေကို မထိန်းချုပ်နိုင်ခြင်းကြောင့် ရေနစ်မှုကြီးခြင်း၊ သဘာဝမြေဩဇာနည်းပါးခြင်း၊ စိုက်ပျိုးရေးဆေးသုံးစွဲနိုင်ရန်အတွက် ငွေအခက်အခဲရှိခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၄	၇၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၈	၁၂
ကြက်		
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုအနည်းငယ်သာလျှင်နွားနှင့်ဝက်ကိုတစ်နိုင်တစ်ပိုင်မွေးမြူကြပြီး အခြားမွေးမြူရေးလုပ်ငန်းမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)

